(၃) ပန်းခိုင်ခြောက်ရောဂါ (**Raceme or blossom blight**)

**ရောဂါဖြစ်စေသောသက်ရှိ - *Botrytis cinerea* Pers. 1801**

**ရောဂါလက္ခဏာ**

ပန်းပွင့်ချပ်များပေါ်တွင် အညိုရောင်အစက်အပြောက်လေးများဖြစ်ပေါ် ပြီး နောက်ပိုင်း တွင် ပန်းရိုးတံများ၊ ပန်းခိုင်များအထိ ပျံ့နှံ့သွားသည်။ ရောဂါတိုက်ခိုက်ခံရပါက ပန်းဖူးပွင့်ငယ် များ ပန်းခိုင်များကို ထိခိုက်ပျက်စီးစေသည်။ ပန်းခိုင်သည် အနက်ရောင်ပြောင်း၍ ရက်အနည်း ငယ်အတွင်း ခြောက်သွေ့သေဆုံးစေနိုင်သည်။ ရောဂါရပန်းပွင့်ခြောက်များသည် အပင်ပေါ်တွင် ဆက်လက်ရှိနေတတ်ပြီး မီးခိုးရောင်မှိုမျှင်များဖြင့် ဖုံးအုပ်ထားသည်ကို တွေ့နိုင်သည်။




**ကာကွယ်နှိမ်နင်းနည်းများ**

- ခြံသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)၊ စသော မှိုသတ်ဆေးများဖြင့် အသုံးပြုပက်ဖျန်းနိုင်သည်။